# အခန်း(၂) ကလေးများကိုနားလည်ခြင်း

**အခန်းရည်ရွယ်ချက်**

သူငယ်တန်းကလေးများ၏ သဘောသဘာဝများနှင့် သင်ယူဖွံ့ဖြိုးပုံများကို သိရှိနားလည်ပြီး ကလေးများဘက်စုံဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများနှင့် ထပ်ဆောင်းအားဖြည့် ချဲ့ထွင်နိုင်မည့် နည်းလမ်းများကိုသိရှိပြီး စီစဉ်အကောင်အထည်ဖော်သည်။

**အခန်း(၂)တွင် လေ့လာသင်ယူရမည့်အကြောင်းအရာများ**

- သူငယ်တန်းကလေးများကို နားလည်ရန်လိုအပ်ခြင်း
- သူငယ်တန်းကလေးများဖွံ့ဖြိုးမှု
- သူငယ်တန်းကလေးများ၏ သင်ယူပုံ
- သူငယ်တန်းကလေးများ ကောင်းစွာသင်ယူနိုင်အောင် ပံ့ပိုးနိုင်မည့်နည်းလမ်းများ

**အခန်း(၂)ကို လေ့လာသင်ယူပြီးနောက်**

ဆရာ၊ဆရာမများသည် သူငယ်တန်းကလေးများဘက်စုံဖွံ့ဖြိုးရေးအတွက် စာသင်ခန်းတွင်း သင်ယူမှုလုပ်ငန်းများပြင်ဆင်ခြင်း၊ သင်ယူမှုအထောက်အကူပစ္စည်းများရွေးချယ်ခြင်း၊ ထိရောက်သော သင်ယူမှုဖြစ်ပေါ်စေရန် ဆောင်ရွက်ပေးခြင်းများနှင့် ကလေးများ၏ သင်ယူမှုကို အကဲဖြတ်ခြင်းတို့ကို ထိရောက်စွာဆောင်ရွက်နိုင်သည်။

## အပိုင်း ၁။ ကလေးများကိုနားလည်ခြင်း

**စဉ်းစားပါ။**

- ဆရာ၊ဆရာမများသည် သူငယ်တန်းကလေးများကို နားလည်ရန်လိုအပ်ပါသလား။ ဘာကြောင့်လဲ။

**ဖတ်ပါ။**

သူငယ်တန်းဆရာ၊ဆရာမများသည် မိမိတို့ပြုစုပျိုးထောင်ပေးရမည့် ၅–နှစ်အရွယ် ကလေးများ၏ သဘောသဘာဝကို နားလည်ထားရန်အထူးလိုအပ်ပါသည်။ မိမိတို့သင်ကြားမည့် ကလေးများသည် မည်ကဲ့သို့သော ကလေးများဖြစ်သည်။ မည်သည်တို့ကိုလုပ်နိုင်စွမ်းရှိသည်။ မည်ကဲ့သို့ဖွံ့ဖြိုးသည်နှင့် မည်ကဲ့သို့သင်ယူသည်တို့ကို သိရှိနားလည်ထားမှသာ ၅–နှစ်အရွယ် ကလေးများနှင့်လျော်ညီသော သင်ယူမှု လုပ်ငန်းများ ပြင်ဆင်ခြင်း၊ သင်ကြားမှုအထောက်အကူပစ္စည်းများ ရွေးချယ်ခြင်း၊ သင်ယူရန် ကူညီပံ့ပိုး ပေးခြင်းနှင့် ကလေးများ၏ သင်ယူမှုကို အကဲဖြတ်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ပေမည်။


DBE Box



သူငယ်တန်းကလေးများသည် အံ့သြဖွယ်ကောင်းလောက်အောင် ကျွမ်းကျင်မှုများစွာရှိနေပြီးဖြစ်သည်။ ဘာသာစကားစွမ်းရည်များကို အသုံးပြုပြီး အခြားသူများနှင့် ဆက်သွယ် ပြောဆိုတတ်ပြီး အဆင်ပြေအောင် ပေါင်းသင်းဆက်ဆံတတ်ကြသည်။ စဉ်းစားပြီးစမ်းသပ်လုပ်ကိုင်တတ်လာကြသည်။ ပြဿနာများလည်း ဖြေရှင်းတတ်လာကြသည်။ မိမိကိုယ်မိမိထိန်းချုပ်နိုင်ပြီး ယဉ်ကျေးသော အပြုအမူများကို ပြုမူလာနိုင်ကြသည်။



၎င်းတို့သည် သင်ယူနိုင်စွမ်းမြင့်မားလာပြီး အရာရာကို စိတ်ဝင်စားကြသည်။ ကစားခြင်း၊ သီဆိုကခုန်ခြင်း၊ တီးမှုတ်ခြင်း၊ ပုံပြင်နားထောင်ခြင်း၊ ပုံပြင်ပြောခြင်း၊ ပုံဆွဲ ဆေးခြယ်ခြင်း၊ စိတ်ကူးယဉ် ဟန်ဆောင်ကစားခြင်း၊ အပြန်အလှန်ပြောဆိုခြင်း၊ မေးခွန်းများ မေးခြင်းနှင့် လက်တွေ့ကိုင်တွယ်စမ်းသပ် လုပ်ကိုင်ခြင်းများကို ဆောင်ရွက်ရာတွင် အထူးစိတ်ဝင်စားကြသည်။



ထို့ကြောင့် ကလေးများ၏ စိတ်ဝင်စားမှုကို အခြေခံပြီး ရှိရင်းစွဲ အသိပညာများ၊ အတွေ့အကြုံများနှင့် စူးစမ်းလေ့လာမှု လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခွင့်များရရှိအောင် ဖန်တီးပေးခြင်းဖြင့် သင်ယူမှုနှင့် ဖွံ့ဖြိုးမှုများကို ဖြစ်ပေါ်စေပါသည်။

DBE BOX

## အပိုင်း ၂။ သူငယ်တန်းကလေးများဖွံ့ဖြိုးပုံ

**စဉ်းစားပါ။**

➢ သူငယ်တန်းကလေးများ ဘယ်လိုဖွံ့ဖြိုးလာကြသလဲ။

**သူငယ်တန်းသို့စတင်ဝင်ရောက်စ ကလေးဖွံ့ဖြိုးမှုအဆင့်**

မြန်မာနိုင်ငံ၌ ကလေးများသည် အသက် ၅–နှစ်တွင် သူငယ်တန်းသို့ စတင်ဝင်ရောက် ကြသည်။ (သူငယ်တန်းနှစ်တွင်ပင် ၆–နှစ်ထဲသို့ ရောက်လာသည်) ၅–နှစ်အရွယ် ကျန်းမာသန် စွမ်းသောကလေးများ

သည် ၎င်းတို့၏ဖွံ့ဖြိုးမှုအဆင့်ဆင့်အရနှင့် ၎င်းတို့သင်ယူခဲ့ပြီးသော အတိုင်းအတာပမာဏအရ မူလတန်းကျောင်းသို့ တက်ရောက်ရန်အသင့်ဖြစ်နေကြသည်။

## သူငယ်တန်းသို့ရောက်ရှိလာမည့် ကလေးများ၏ဖွံ့ဖြိုးမှုသွင်ပြင်လက္ခဏာများ

### ကာယဖွံ့ဖြိုးမှု

- ကိုယ်ခန္ဓာမှာ အချိုးအစားအရ **'လူကြီးကဲ့သို့'** ပင်ဖြစ်သည်။
- **လှုပ်ရှားမှုထိန်းချုပ်ရာတွင်ရင့်ကျက်လာခြင်း။** ပြေးနိုင်၊ အမြင့်သို့တက်နိုင်၊ အရာဝတ္ထုများကို ပစ်/ကန်ကျော်နိုင်၊ ဘောလုံးဖမ်းနိုင်၊ တစ်နေရာမှတစ်နေရာသို့ ခုန်နိုင်၊ ကိုယ်တိုင် အဝတ်အစား ဝတ်နိုင်၊ ကစားစရာ သစ်တုံးများ/ပစ္စည်းများကို ပုံစံအရ တည်ဆောက်နိုင်၊ ခဲတံကိုကိုင်နိုင်ပြီး အခြေခံပုံသဏ္ဌာန်များကိုရေးဆွဲနိုင်ပါသည်။

### ဘာသာစကားဖွံ့ဖြိုးမှု

- ပီသစွာပြောဆို။ လူကြီးများ၏လေသံကို အသုံးပြုနိုင်၊ အခြေခံသဒ္ဒါ မှန်ကန်စွာအသုံးပြုနိုင်သည်။
- လွယ်ကူသော ပုံပြင်များကို ပြောပြနိုင်၊ ရိုးရှင်းသော ရယ်စရာများကို နှစ်သက်ပြီး စကားလုံးပေါင်း ၂၀၀၀ မက သိရှိကြသည်။
- အခြေအနေအမျိုးမျိုးတွင် လူအမျိုးမျိုးနှင့် အပြန်အလှန်ဆက်သွယ်သည်။

### အသိဉာဏ်ဖွံ့ဖြိုးမှု

- ကမ္ဘာကြီးအကြောင်းကိုအများအပြား သိနားလည်ပြီး၊ ထပ်မံရှာဖွေရာတွင်လည်း ပြန်လည်အသုံးချနိုင်သည်။
- ပုံသဏ္ဌာန်တူ၊အရွယ်အစားတူခြင်း၏အသိသညာကို နားလည်သည်–ပုံသဏ္ဌာန်နှင့် အရောင်ကဲ့သို့သော အရည်အသွေးနှစ်မျိုးရှိသော အရာဝတ္ထုများကို ခွဲခြားနိုင်သည်။ သို့မဟုတ် အစားအစာ၊ တိရစ္ဆာန်ကဲ့သို့သော အမျိုးအစားမျိုးစုံကို တူညီသောအသွင်အပြင်အရ မျိုးတူစု ပြုလုပ်နိုင်သည်။
- အရာဝတ္ထုများကို အစီအစဉ်တကျ ထားတတ်သည်။ ဥပမာ–အငယ်ဆုံးမှ အကြီးဆုံး
- ကစားရာတွင် တီထွင်ဖန်တီးတတ်သည်–အခြေအနေများကို စိတ်ကူးခြင်းနှင့် သရုပ်ဆောင် ကစားခြင်း
- အရာဝတ္ထုအသစ်များကိုသိလိုစိတ်ရှိပြီး ဘာကြောင့်၊ ဘာလဲ၊ ဘယ်မှာ၊ ဘယ်တော့ မေးခွန်းများကို အဆက်မပြတ်မေးတတ်သည်။

### ပေါင်းသင်းဆက်ဆံရေးနှင့်စိတ်လှုပ်ရှားခံစားဖွံ့ဖြိုးမှု

- တစ်ဦးချင်း ကစားခြင်းထက် အပေါင်းအသင်းနှင့် ကစားရသည်ကို ပိုနှစ်သက်သည်။
- ပြိုင်ဆိုင်လိုစိတ်ဖြစ်လာသော်လည်းအလှည့်ကျ မျှဝေဖလှယ်ရခြင်းကိုလည်း လိုလားသည်။
- ယောက်ျားလေး၊ မိန်းကလေးအလိုက် ပြုလုပ်ရသော သင့်တော်သော လုပ်ငန်းများကို နှစ်သက်လေ့ရှိသည်။

DBE BOX

- အခြားသူများရယ်ရွှင်စေရန် ဖျော်ဖြေရသည်ကို သဘောကျသည်။
- တာဝန်၊ ဝတ္တရားနှင့် အပြစ်ပြုလုပ်ခြင်းများကို ခံစားတတ်ကြသည်။
- လုပ်ငန်းများလုပ်ဆောင်ရာတွင် ပြီးမြောက်အောင်မြင်အောင် လုပ်ဆောင်နိုင်မည်ဟုခံစားပြီး အောင်မြင်မှုအတွက်လည်း ဂုဏ်ယူတတ်ကြသည်။

၅ နှစ်အရွယ်ကလေးများသည် ကျောင်းသို့စတင်ရောက်သောအခါ ၎င်းတို့သိရှိထားသည်နှင့် ပြုလုပ်နိုင်သည်များကို ချဲ့ထွင်ရန် ခွန်အား၊ စိတ်အားထက်သန်မှုနှင့် တီထွင်ဖန်တီးလိုစိတ် အပြည့်အဝ ရှိနေကြသည်။ ၎င်းတို့သည် နေရာအနှံ့အပြားနှင့် အရာဝတ္ထုတိုင်းကို စိတ်ဝင်စားပြီး စူးစမ်းရှာဖွေတတ်ကြသည်။

**အကြံပြုချက်။**

သူငယ်တန်း ဆရာ၊ဆရာမများအထူး သတိပြုရန်မှာ ဖွံ့ဖြိုးမှုတစ်ခုစီကို သီးသန့်စီစဉ်ဆောင်ရွက်မည့်အစား ဖွံ့ဖြိုးမှုအားလုံး ဟန်ချက်ညီညီနှင့် အပြည့်ဝဆုံးဖွံ့ဖြိုးစေရန် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ဥပမာ–ဘာသာစကား ဖွံ့ဖြိုးမှုအတွက် ပုံပြင်ပြောခြင်းကို ဆောင်ရွက်စေခြင်းဖြင့် ဘာသာစကား ဖွံ့ဖြိုးမှုအပြင် အသိဉာဏ်ဖွံ့ဖြိုးပြီး ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်လှုပ်ရှားခံစားဖွံ့ဖြိုးမှုပါ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။

ကလေးတစ်ဦးသည် ဘက်စုံအပြည့်ဝဆုံး ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါသည်။ ဘက်စုံ အပြည့်ဝဆုံး ဖွံ့ဖြိုးတိုးတက်ရန်မှာ ကလေးသူငယ်တိုင်း၏ အခွင့်အရေးဖြစ်ပါသည်။ ဘက်စုံ အပြည့်ဝဆုံး ဖွံ့ဖြိုးတိုးတက်ခြင်းဆိုသည်မှာ ကလေး၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရမည့်အပြင် အသိဉာဏ်၊ အတွေးအခေါ်၊ ပေါင်းသင်းဆက်ဆံမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ ကိုယ်ကျင့်တရား၊ စိတ်လှုပ်ရှားမှုနှင့် ခံစားမှုတို့ပါ ဖွံ့ဖြိုးတိုးတက်ခြင်းကို ဆိုလိုပါသည်။

ကလေးများ ဘက်စုံအပြည့်ဝဆုံး ဖွံ့ဖြိုးတိုးတက်ရန်မှာ ဆရာ၊ဆရာမများ၊ ကလေး ပတ်ဝန်းကျင်ရှိ လူများနှင့် ရုပ်ရှာပတ်ဝန်းကျင်တို့၏ နားလည်မှုရှိခြင်း၊ တန်ဘိုးထားအသိ အမှတ်ပြုခြင်းနှင့် လုပ်ငန်းများ ဆောင်ရွက်ခွင့်ပေးခြင်းတို့အပေါ်တွင် တည်မှီနေပါသည်။

## အပိုင်း ၃။ သူငယ်တန်းကလေးများ၏သင်ယူမှု

**စဉ်းစားပါ။**

- သင်ယူမှုဆိုတာဘာလဲ
- သူငယ်တန်းကလေးများ ဘယ်အချိန်ကစပြီး သင်ယူကြသလဲ။
- သူငယ်တန်းကလေးများ ဘယ်လိုသင်ယူကြပါသလဲ။



DREBOX

**ဖတ်ပါ။**

ကလေးများသည် အသိသညာသစ်များတည်ဆောက်ရာ၌၊ တက်ကြွစွာပါဝင်ရသောအခါ၌ အကောင်းဆုံးသင်ယူကြပါသည်။ သုတေသနပြုချက်များအရ ကလေးများသည် အာရုံငါးပါးနှင့် ဆွဲဆောင်နိုင်စွမ်းရှိသော အတွေ့အကြုံများကို တက်ကြွစွာသင်ယူရပါက ပို၍မှတ်မိပေသည်။

ကလေးများသည် ကျောင်းမနေမီ အများအားဖြင့် သဘာဝအလျောက်သင်ယူခြင်းကို အသုံးပြုကြသည်။ ၎င်းတို့သည် ၅–နှစ်တာကာလအတွင်း သဘာဝအလျောက်သင်ယူမှုနည်းဗျူဟာကို အသုံးပြုပြီး အလွန်ကောင်းစွာ ဖွံ့ဖြိုးလာကြပါသည်။ ပထမငါးနှစ်တာ ကာလအတွင်း ကျန်းမာသော ကလေး ၁၀၀% သည် မိမိကိုယ်ကို ဦးဆောင်မှု၊ ရဲဝံ့လာမှု၊ အသစ်အဆန်း တီထွင်လာမှု၊ ခံနိုင်ရည်ရှိမှုများကို ဖြစ်ပေါ်ရရှိလာပြီး သင်ယူရခြင်းကိုလည်း ပျော်ရွှင်ကြသူများ ဖြစ်ကြသည်။

ဤအခြေအနေမှတစ်ဆင့် ကျောင်းသို့စတင်ရောက်ရှိလာသောအခါ ၎င်းတို့သင်ယူရန် တွေးထင်ထားသည်နှင့် ရုတ်တရက်အလွန်ခြားနားသွားသည်(စာသင်ခန်းသည် သမာရိုးကျပုံစံ မျိုးဖြစ်ခဲ့လျှင်) ၎င်းတို့သည် ယခင်အသုံးပြုခဲ့သည့် သဘာဝအလျောက်သင်ယူမှုနည်းဗျူဟာများကို ဆက်လက်အသုံးမပြုတော့ပါ။ ဆရာထံမှ သင်ယူရန်ညွှန်ကြားသည်များကို နားထောင်ရန်၊ သင်ခန်းစာများမှတစ်ဆင့် သင်ယူရန်နှင့် အလွတ်ကျက်မှတ်ရွတ်ဆိုခြင်းများမှတစ်ဆင့် သင်ယူရမည်ဟု သတ်မှတ်ထားလိုက်ကြသည်။

ကလေးများသည် မိမိတို့ဘာသာ သင်ယူရသောအခါ ကောင်းစွာတတ်မြောက်နိုင်ပြီး သင်ယူရခြင်းကိုလည်း ပျော်ရွှင်ပါသည်။ ၎င်းတို့သည် သဘာဝအလျောက် သင်ယူခြင်းနည်းဗျူဟာများကို အသုံးပြုပြီး သင်ယူကြသည်။ သဘာဝအလျောက် သင်ယူခြင်းနည်းဗျူဟာများမှာ–

- ကြည့်ရှုလေ့လာခြင်း
- အရာဝတ္ထုများကို စမ်းသပ်ခြင်း
- လေ့ကျင့်ခြင်း
- တစ်စုံတစ်ရာပြုလုပ်ရန် အားထုတ်ခြင်း(ကောင်းစွာမပြုလုပ်နိုင်သည့်တိုင်)
- အမှားများကိုပြုလုပ်ခြင်း
- သရုပ်ဆောင်ကစားခြင်း
- စိတ်ဝင်စားမှုအရ ပြုလုပ်ခြင်း
- အာရုံငါးပါးကို အသုံးပြုခြင်း(အမြင်၊ အကြား၊ အနံ့၊ အထိအတွေ့နှင့် အရသာ)
- ကစားခြင်းနှင့် အခြားကစားနည်းများ
- အခြားသူများနှင့် အပြန်အလှန်ဆက်သွယ်ခြင်း
- အရဲစွန့်ပြုလုပ်ခြင်း
- အခြားသူများအား အတုယူခြင်း
- ပတ်ဝန်းကျင်နှင့် အပြန်အလှန်ဆက်သွယ်ခြင်း

ကလေးများ၏ သဘာဝအလျောက် သင်ယူခြင်းနည်းဗျူဟာများသည် အလွန်အစွမ်းထက်လှပါသည်။ ကလေးများသည် ကျောင်းသို့ရောက်သောအခါ ၎င်းတို့၏ သဘာဝအလျောက် သင်ယူခြင်းနည်းဗျူဟာများသည် သင်ယူမှုအားသာချက်များ ဖြစ်လာနိုင်သည်။ ဆရာများအနေနှင့် ဤသင်ယူမှုအားသာချက်များကို ကျောင်းစာသင်ရာတွင် ထိရောက်စွာ အသုံးပြုသင့်ပါသည်။

DBE BOX

## အကြံပြုချက်။

သူငယ်တန်းဆရာ၊ဆရာမများ အထူးသိရှိထားရန်မှာ ကလေးတိုင်းသည် သင်ယူနိုင်စွမ်း ရှိသည်။ ကလေးတစ်ဦးချင်းစီတွင် သင်ယူပုံနှင့် သင်ယူနှုန်းများ ကွဲပြားခြားနားပြီး မတူညီသော အားသာချက်နှင့် အားနည်းချက်များရှိကြောင်း သိရှိထားရပါမည်။ ကလေးတစ်ဦးသည် နယ်ပယ်တစ်ခုတွင် အားနည်းနေသော်လည်း အခြားနယ်ပယ်တစ်ခုတွင် ပို၍ဖွံ့ဖြိုးနိုင်သည်ဟု နားလည်ထားရန်လည်း လိုအပ်ပါသည်။

ကလေးများ၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများသည် မူလရှိပြီးအပေါ်မှတည်၍ အသိပညာအသစ်များ တည်ဆောက်နိုင်သည်နှင့်အမျှ ကလေးများ၏ စဉ်းစားခြင်းနှင့် ကျိုးကြောင်းဆက်စပ်တွေးခေါ်ခြင်းများလည်း ပြောင်းလဲလာသည်။ ထို့ကြောင့် ကလေးလုပ်နိုင်သည်ထက် ပို၍လုပ်နိုင်စေရန် ဆရာများနှင့် ၎င်းကလေးထက် စွမ်းဆောင်ရည်ပိုမြင့်သော ကလေးအချင်းချင်း၏ ကူညီပံ့ပိုးမှုများ ရရှိအောင် ဆောင်ရွက်ရပေမည်။ ထို့အပြင် သင်ယူမှုလုပ်ငန်းများ စီစဉ်သည့်အခါ ကလေးများအနည်းငယ် ပိုမိုအားထုတ်ရသည့် လုပ်ငန်းများ ဖြစ်လျှင် ပိုမိုစိတ်ဝင်စားပြီး ထိရောက်စေပါသည်။

ထို့ကြောင့် ဆရာ၊ဆရာမများသည် နည်းလမ်းအမျိုးမျိုးနှင့် အကြောင်းအရာအမျိုးမျိုးကို အသုံးပြုပြီး ကလေးများသင်ယူရန် အခွင့်အလမ်းများရရှိအောင် ပံ့ပိုးဆောင်ရွက်ပေးရပါမည်။

## ပြန်လည်အသုံးချခြင်းလုပ်ငန်း။

သူငယ်တန်းကလေးများ၏ သဘောသဘာဝများနှင့် သင်ယူဖွံ့ဖြိုးပုံများကို ကောင်းစွာ နားလည်သဘောပေါက်ပြီးနောက် မိမိစာသင်ခန်းတွင် မည်သို့ပြန်လည်အသုံးချမည်ကို စဉ်းစားရပါမည်။

ထို့ကြောင့် အောက်ပါလုပ်ငန်းကို ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

## ရေးပါ။

- ဘာကြောင့် သူငယ်တန်းဆရာများသည် ကလေးဖွံ့ဖြိုးမှုအကြောင်း သိသင့်ပါသလဲ။ သင်၏ အယူအဆကိုရေးပါ။
- သင်၏ သူငယ်တန်းစာသင်ခန်းတွင် ကလေးဖွံ့ဖြိုးမှုနှင့်သင်ယူမှုအသိပညာများကို ပြန်လည်အသုံးချပြီး လုပ်ဆောင်မည့် ပြောင်းလဲမှုအစီအစဉ်တစ်ခုကိုရေးပါ။

DBE BOX

## ကိုယ်တိုင်ဦးဆောင်လုပ်ငန်း

### အပိုင်း ၄။ အခန်း(၂)အတွက် မိမိကိုယ်ကိုအကဲဖြတ်ခြင်း

**မင်္ဂလာပါ–**

အခန်း(၂) ပြီးစီးသွားပြီဖြစ်သည်။ သင်ကောင်းစွာသင်ယူခဲ့ခြင်း ရှိ/မရှိသိနိုင်ရန် အားလပ်ချိန်တွင် မိမိကိုယ်ကိုအကဲဖြတ်ပါ။

+ **ဖတ်ပြီးစဉ်းစားပါ။**

| |
|---|
| ပေးထားသည့် မေးခွန်းများကို အလွယ်တကူဖြေနိုင်ပါသလား။ ဖြေနိုင်သည်ဆိုလျှင် သင်ကောင်းစွာလေ့လာသိရှိသွားပြီဖြစ်သည်။<br>၁။ သူငယ်တန်းအရွယ်ကလေးများကို နားလည်ရန် လိုအပ်သည်ဟု ဆိုခြင်းကို လက်ခံပါသလား။ အဘယ်ကြောင့်နည်း။<br>၂။ သူငယ်တန်းကလေးများ ဘယ်လိုဖွံ့ဖြိုးလာကြသလဲ။<br>၃။ သူငယ်တန်းကလေးများ ဘယ်လိုသင်ယူကြသလဲ။<br>၄။ သူငယ်တန်းကလေးများ ကောင်းစွာသင်ယူနိုင်အောင် ဘယ်လိုပံ့ပိုးပေးမလဲ။<br><br>အောက်ပါမေးခွန်းများကို သင်ရိုးသားစွာ **'ဟုတ်ပါတယ်'** ဟုဖြေနိုင်ပါမည်လား။ ဖြေနိုင် ပါက သင်ကောင်းစွာလက်တွေ့အသုံးချခဲ့ပြီးဖြစ်ပါသည်။<br>၅။ သူငယ်တန်းကလေးများ ဘက်စုံဖွံ့ဖြိုးရန်အတွက် သင်ယူမှုလုပ်ငန်းများကို ကောင်းမွန်စွာ ပြင်ဆင်နိုင်ခဲ့ပါသလား။<br>၆။ သင်ရွေးချယ်ခဲ့သော သင်ထောက်ကူပစ္စည်းများသည် ကလေးများအတွက် အမှန်တကယ် အထောက်အကူဖြစ်ခဲ့ပါသလား။<br>၇။ သင်၏စာသင်ကြားချိန်တွင် ကလေးဖွံ့ဖြိုးမှုနှင့် သင်ယူမှုအသိသညာများကို လက်တွေ့ ပြန်လည် အသုံးချနိုင်ခဲ့ပါသလား။ |

သင်ကောင်းစွာသိသွားပြီဆိုလျှင် အခန်း(၃)သို့ ဆက်လက်သွားပါ။ အကယ်၍ အချို့ အချက်များနှင့် ပတ်သက်၍ မရှင်းလင်းသေးပါက အခန်း(၂)ကို သင်၏ လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ထပ်မံလေ့လာပါ။ သို့ရာတွင် အောက်ပါလုပ်ငန်းများကို ကိုယ်ပိုင်အားလပ်ချိန်တွင် ကြိုးစားပြုလုပ်ပါ–

- မရှင်းလင်းသေးသည့် အပိုင်းများကို ပြန်ဖတ်ပါ။
- သင်၏မြို့နယ်ရှိ သင်တန်းတက်ပြီးသူများကို မေးမြန်းဆွေးနွေးပါ။

———‖———

DBE BOX